

# စိတ်ကူးချောက်ပိသသာနန့် မြောက်ဦးကာဘီလူး

*ရခိုင်စာပီ ခြီလှမ်းသစ်*

ဇန်နဝါရီလ ၃၁ ရက် ၂၀၁၀
ပထမအကြိမ်ထုတ်ဝီခြင်း
မြောက်ဦးကာဘီလူး

# ရင်ကိုဖွင့်လို့ လက်ကမ်းကြိုရေ နှုတ်ခွန်းဆက်စကား

"မြောက်ဦးကဘီလူး" ဆိုရေ ကလောင်တံတချောင်းကိုထမ်းပနာ ရခိုင်ရို့ အိန်တာနတ်လူမှုကွန်ယက် စာမျက်နှာတိထက်မှာ စာရီးပါလတ်စွာ အဂုဆိုကေ အင်တန်ချေလောက် ခရီးပေါက်ပါလတ်တေ။ ရသ သုတ ဒဿန အိုင်ဒီယာ အတွေးအခေါ်အမြင် ဆွဲဆန့်စိုင်းစားကြည့်ခြင်းတိနန့် အကြောင်းအရာရှုဒေါင့်ပေါင်းစုံတိကို စူးစမ်းရှာကြည့်ထားရေ ကဗျာ၊ ဆောင်းပါး၊ စာန၊ ဝထုချေတိကို ရခိုင်နလုံးသား ရခိုင်ခံစားချက် ရခိုင်အသွီးအသားနန့် ပေါင်းစပ်ဖန်တီး ရခိုင်ပိုင်ရီးထားလို့ ခေတ်သစ်ရခိုင်စာပီကို တန်ဖိုးထားမြတ်နိုးကတ်တေ ရခိုင်သားရခိုင်သမတိအတွက် တထောင့်တနိန်ရာက အကျိုးပြုပီးနိုင်ဖို့လို့ ယုံကြည်မိလို့ မြောက်ဦးကဘီလူးနာမေနန့် ရီးခရေ စာတိထဲက အကောင်းဆုံးတိကို စုစည်းပနာ စာအုပ်ချေတအုပ်တည်ဆောက်လုပ်လိုက်ရပါရေ။ ဒေစာအုပ်က ခေတ်သစ်ရခိုင်စာပီလှုပ်ယှားမှုနန့်ရခိုင့်ယိုင်ကျေးမှု သမိုင်းအမွီတိကို ထိန်းသိမ်းစောင့်ရှောက်တိုးတက်မြှင့်တင်ဖို့ ကြိုးစားနိန်ကတ်တေ ရခိုင်မျိုးဆက်သစ် သူရဲကောင်းတိအတွက် တခုခု အထောက်အကူပြုနိန်ဖို့လို့ မျှော်လင့်မိပါယင့်။

ရခိုင်တေးခြင်းကိုဆို ရခိုင်စာကိုရီး အနာဂတ်ခေတ်ရီစီးကြောင်းထက်မှာ ရခိုင်စံ ရခိုင်ဟန်နန့် ရခိုင်ရို့အားမာန်ကို ဖော်ပနာ ရခိုင်ရို့အလှ ရခိုင်ရို့ဘဝနန့် ရခိုင့်ဂုဏ် ရခိုင့်တန်ဖိုးကို ပျိုးထောင်လားကတ်ပါမေ။ လူမျိုးတမျိုး အသက်ရှင်တည်တံ့ဖို့အသက်သွီးကြောဖြစ်တေစာပီကို မျိုးစောင့်တရားတာဝန်ဝတ္တရားနန့် ရခိုင်သားရခိုင်သမတိုင်းက ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပနာ နောင်လာနောက်သားမျိုးဆက်သစ်တိကို မြင့်မြတ်တေသမိုင်းအမွီကောင်းတိ လက်ဆင့်ကမ်းပီးလားကတ်ပါမေ။ ရန့်ပေါင်းစုံပန်းပေါင်းစုံနန့် အပင်တိစုံပါလတ်တေရခိုင်စာပီဉယိုင်ပန်းခင်းကြီးထဲမှာ ဒေစာအုပ်ချေကအပင်ချေတပင်အဖြစ်နန့် ရှင်သန်ခွင့်ရကေ တခုခုခံစားချက်အားသစ်ချေတိ ရခိုင်စာဖတ်ပရိတ်သတ် ကိုပီးနိုင်ခကေ ဒေစာအုပ်ကိုရီးရကျိုးနပ်လီပါဖို့ဗျာယ်လို့ ပြောချင်ပါရေ။

ဘက်ပေါင်းစုံ ဒေါင့်ပေါင်းစုံက ပုံစံတကျဖိနှိပ်ခံထားရလို့ ထွက်ပေါက်ပျောက်နိန်ကတ်ရရေ ရခိုင်သားတိအတွက် ဖောက်ထွက်ဝံ့ရေ သတ္တိ ဇွဲအားမာန်တိ နိုင်ငံရေးခံယူချက်ယုံကြည်မျှော်လင့်ခြင်းတိ ပြည့်ဝအားကောင်းလာအောင် ရင်ဖတ်ကိုအရင်းခံ ဦးနှောက်ကိုဖွင့်လို့ ရီးထားရေ ဒေစာအုပ်ကို ဖတ်ပနာ စိတ်ဓါတ်သစ် အမြင်သစ်နန့် အမျိုးသား လွတ်မြောက်ရေးလမ်းကြောင်းသစ်ထက်မှာ သမိုင်းစာမျက်နှာမော်ကွန်းသစ်ကို ရီးထိုးနိုင်ကတ်ပါစီလို့ ဆုမွန်ကောင်းတောင်းပနာ နူတ်ခွန်းဆက်စကားပြောလိုက်ရပါရေ။ ။ ။

# အကြောင်းအရာ မာတိကာ


နှုတ်ခွန်းဆက်စကား ........ 2

ကဗျာရပ်ဝန်း

(၁) လမ်းသစ်ကိုလားကတ်မေ ........ 5

(၂) ထွက်ပေါက်ကို ဖောက်ထွက်ကတ်မေ ........ 6

(၃) ကိုယ့်အလှည့်မှာ မည့်ံစီကေ့ ........ 7

(၄) စာပီမော်ကွန်းတင်ကတ်မေ ........ 8

(၅) ဒီဇင်ဘာဆိုး ........ 9

(၆) တိုင်းပြည်ပျောက်နိန်ရခြင်း ........ 10

(၇) နစ်ဖက်တီးမှ မြည်ရေ လက်ခုပ် ........ 11

(၈) ရခိုင်ပြည်အလွမ်း ........ 12

(၉) အဝီးက ငယ်ချစ် ........ 13

(၁၀) သူငယ်ချင်း ဂတုံးမ ........ 14

(၁၁) ရခိုင်ဗီဒီယို အချစ်ဇာတ်လမ်း ........ 15

(၁၂) ရင်ဖတ်ထဲက အချစ်သမိုင်း ........ 16

(၁၃) လှစီချင်ရေ အိမ်အပြန်လမ်း ........ 18

(၁၄) ရခိုင်သမ ဖြူမချေ ရခိုင်စာကိုရီးကတ်မေ ........ 19

(၁၅) ရခိုင်စာ ........ 19

စာနချေတိ

(၁) မဖြစ်နိုင်ခြင်း၏တဖက်မှာ ........ 21

(၂) အပြင်ပန်းနန့် အနစ်သာရ ........ 22

(၃) အဆင့်ဟိရေ ရခိုင်သားရခိုင်သမတိုင်း ရခိုင်စာကို ရှီးကတ်တေ ........ 22

(၄) လမ်းသစ်နန့် လမ်းဟောင်းကြားက ဒွိဟ ....................23
(၅) တော်လှန်ပြည်သူနန့် ပြောက်ကျားတိုင်းပြည် .................... 24
(၆) အမျိုးသီလ နစ်ဌါနကို အဓိပ္ပါယ်ပြန်ဖွင့်ခြင်း .................... 25

ဆောင်းပါးကဏ္ဍ

(၁) မမြင်နိုင်ရေ ပါဝါ .................... 26
(၂) ရခိုင်ရို့ စာပီနန့် မီဒီယာသစ် .................... 27
(၃) ဆင်ခြီကို ဆင်ခြီပီးခြင်း .................... 28
(၄) ကောလာဟာလထောင်ချောက် .................... 30
(၅) စရိုက်စုံကေ လူ့ ဘုံဖြစ်တေ .................... 33
(၆) ရခိုင့်စာပီလှုပ်ယှားမှု နှုတ်ခွန်းဆက်စကား .................... 34
(၇) ရခိုင်သား ရခိုင်သမတိ ပြုပြင်ပြောင်းလဲမှု လုပ်သင့်ရေ အရာတိ .................... 36
(၈) ကွာဟာချက် .................... 37
(၉) အားလုံးသူရို့ တာဝန်ပါ .................... 39

ဝထုချေ

(၁) "အောင်လှဖြူနန့် မလှဖြူ" .................... 41

<u>ကဗျာရပ်ဝန်း</u>

## လမ်းသစ်ကိုလားကတ်မေ

- အာကာပြင်ထက်

  လီဟုန်ဆန်လို့

  ဇကုန်ပျံလားကတ်မေ

  ရက္ခိုတရို့ အနာဂတ်လှဖို့

  အားသစ်ကိုမွီးဝေ ဝံလက်ရို့၊

- အယင်ခါက

  ကမ္ဘာကျော်ခ

  ဂုန္နဝင်သမိုင်းသက်သီ

  လွတ်လပ်ခြင်းနန့် ပြည့်ငြိမ်းချမ်းဖို့

  အသွီးအသက်ကိုရင်းမေ ဝံလက်ရို့၊

- ရာစုသစ်လမ်းပြနိန်

  မျှော်လင့်ချက်တောက်ပစီ

  အိမ်မက်တိ အဂေါင့်ဂေါင့်ဖြစ်လာဖို့ ......၊

- တူရေစိတ်ထား

  ညီစီအင်အား

  ပြန်တည်မေ သမိုင်းတခိုက်(ခေတ်) ကို

  မြင့်မြတ်ချင်းနန့် ငြီချင်းထပ်လို့

  လမ်းသစ်ကိုလားမေ ဝံလက်ရို့ ။ ။ ။

# ထွက်ပေါက်ကို ဖောက်ထွက်ကတ်မေ

- မိုး ... လင်းပါလတ်တေ
  ရက်သျှေတစ်ရက်
  ကုန်လားခရေနိန့် တိပိုင်၊

- ဆိုး....လောကခံလှိုင်းမှာ
  ပျက်ပနာကျိုး
  ကယ်သူရို့ မဟိပါ၊

- အငြိုး....အငြိုးကြီးလိုက်တေ
  သမိုင်းကံအကျိုး
  ဒဏ်ရာတိအပြည့်ပါ၊

- ထွက်ပေါက်တိပျောက်နိန်ရရေ
  ဖောက်ထွက်ဖို့ ကြောက်နိန်ကတ်ကေ
  ဒေကမ္ဘာမြီရာစုသစ်ထဲမှာ
  ဇာမှာလေလူဖြစ်ခြင်းအရသာ....၊

- ပျိုး....မျိုးဆက်သစ်ကို
  လမ်းထွင်ပီး
  ရောင်နီသစ်ထွန်းမေ၊

- ညှိုး ညှိုးနွမ်းလားရေ
  သိက္ခာတရား
  ပြန်တည်လားကတ်မေ၊

- ကြိုး.... ကြိုးစားခြင်းကို
  လက်ကိုင်ထား
  အနာဂတ်လမ်းမှာ၊

- ရိုး....ရိုးမအောက်မှာ
  ငါရို့ အိမ်မက်
  ရှင်သန်တောက်ပစီ။

# ကိုယ့်အလှည့်မှာ မည့်စီကေ့

- မျက်ရီတိနန့် ခင်းထားရေ မြစ်
  နှစ် နှစ်ရာကျော်စီးဆင်း
  ရပ်တန့်ခြင်းက မဟိသိမ့်....၊

- ဒုက္ခတိနန့် ပြည့်နိန်ရေ ပြက္ခတိန်
  နှစ် နှစ်ရာကျော်ကြီး
  နာရီတိကို မျိုချနိန်ရတုန်းသိမ့်...၊

- မုန်တိုင်းနန့် ကဇတ်
  ရခိုင်တိမည့်ဆိုစွာကို ပြလို့
  ဒေခရီး ဒေလမ်း
  အဖိုးအဖီးရို့ ဖြတ်သန်း
  လွတ်လပ်ခြင်းကိုမျှော်မှန်း
  အလင်းကို စမ်းပနာ
  ယုံကြည်ခြင်းကို ထမ်းလို့
  မွန်မြတ်တေ လက်ဆောင်
  ဖြူစင်ရေ အမွီ
  ဝံလက်ပိုရို့ သွီးတိနီဖို့
  ချန်ထားလမ်းပြပီးခရေ....၊

- ရာစုကခေါ်
  သမိုင်းအော်လို့
  လမ်းချော်မကျန်
  ရခိုင်အမုန်ကိုပြဖို့
  ငါရို့ တိအလှည့်ကိုရောက်နိန်ဗျာယ်....။ ။ ။

## စာပီမော်ကွန်းတင်ကတ်မေ

- ✓ အလွမ်းခြောက်သောင်း
  မြစ်ချောင်းတိပိုင်
  ပြည်ရခိုင်ကို
  အောင်ပိုင်စီးဆင်း
  သွီးရင်းရက္ခ
  ပြည်ပရပ်က
  လွမ်းနိန်ရယင့် လွမ်းနိန်ယင့်…၊

- ✓ ရခိုင်အရေး
  မျှော်တွေးလို့ ပူ
  လက်ကမ်းကူဖို့
  ညီတူစိတ်ထား
  လုံ့လအားနန့်
  တသားတည်းလမ်း
  ငါရို့ လုမ်းမေ
  ငြိမ်းချမ်းသာစီ လခြမ်းမြီ…၊

- ✓ စိတ်ဓါတ်မယိုင်
  ကလောင်ကိုင်လို့
  ရခိုင်စာပီ
  ရက္ခမြီမှာ
  ထွန်းတောက်လာဖို့
  ငါရို့ မျိုးဆက်
  လက်ချင်းဆက်လို့ လားကတ်မေ..။ ။ ။

## ဒီဇင်ဘာဆိုး

- ခန္ဓာထက်က
  စိမ်းသစ်လတ်ဆတ်နိန်ရေ
  သမိုင်းအနာကိုစမ်းမိတိုင်း........၊

- နံရံလေးဘက်လေးတန်က
  ပိတ်ဆို့ နိပ်စက်ခြင်းတိနန့် အငြိုးကြီးနိန်ရေ
  ပစ္စက္ခအခန်းချေထဲမှာ.......၊

- အပြင်ဖက်က
  နှင်းကြို့ညှဉ့်မှာ
  ဆောင်းလီကြမ်းလို့
  ချမ်းနိန်ရစွာ ကြာနိန်ဗျာလ်....၊

- လူမျိုးတမျိုးလုံးအဆိပ်မိခရရေ ဒီဇင်ဘာ
  တိုင်းပြည်တပြည်လုံး ဆိတ်သုန်းပျောက်လားစီရေ ဒီဇင်ဘာ
  အားကိုးအားထားလမ်းပြတံထားတိ ကျိုးပဲ့ပျက်လားရရေ ဒီဇင်ဘာ
  ဒုက္ခတိမော်ဒန်ဒီဇိုင်းအမျိုးမျိုးနန့် ဆန်းသစ်နိန်သိမ့်ရေ ဒီဇင်ဘာ
  ဆန္ဒအိမ်မက်မျှော်လင့်ချက်တိကို သရော်စော်ကားနိန်ရေ ဒီဇင်ဘာ
  နတ်ဆိုးတိကို ဂုဏ်ပြုပီးခရေ ဒီဇင်ဘာ
  ကံကြမ္မာဆိုးကို အတိုးချထားခရေ ဒီဇင်ဘာ
  ဒီဇင်ဘာ
  ဒီဇင်ဘာ
  ဒီဇင်ဘာ......................................၊

- အလင်းတစက်
  မီးတပြနန့်
  လက်ချင်းကူလို့
  နွှီးဖို့ ရက်က
  အို... ဇာမှာ.......။ ။ ။

## တိုင်းပြည်ပျောက်နိန်ရခြင်း

- အိမ်ပြန်လာရေခါ
  အိမ်မဟိလိုက်ဗျာယ်...၊

- လူ့ဂုဏ်သိက္ခာ
  လူ့တန်ဖိုး
  လူစွမ်းလူစ ခင်းကျင်းပြသပိုင်ခွင့်
  လူ့အလှ လူ့မာန
  လူ့ဘဝ လူ့ကံကြမ္မာ
  လူသားဆန်မှုအနုပညာ
  အာမခံလုံခြုံမှုပီးနိုင်ရေ နိန်ရာ
  ငါရို့တိမှာ ကိုယ်ပိုင်အိမ်မဟိပါ...၊

- ရိုးမတောင်ခြီအောက်မှာ
  မွီးရာပါအမွီ
  ရက္ခိုတရို့မြီ
  သဘာဝအလှနန့် ငါရို့အိမ်
  အဘိုးအဖီးရို့ချန်ထား
  သမိုင်းလှိုင်းကြားမှာ
  တချက်မှားခလို့
  ပျောက်လားနိန်ရ
  ခါးလိုက်တေနိန့်ရက်
  ပြက္ခဒိန်တိထက်မှာ
  တသက်လုံးဒဏ်ရာ
  သွီးမတိတ်နိုင်သိမ့်ပါ.....။ ။ ။

## နှစ်ဖက်တီးမှ မြည်ရေ လက်ခုပ်

- ကြယ်တစ်စင်းနန့်
  အလင်းမဖြစ်တေ အာကာ...၊

- သူရဲကောင်းတစ်ယောက်နန့်
  သမိုင်းမဖြစ်တေ ရာဇဝင်စာမျက်နှာ...၊

- လူတစ်ယောက်တည်းနန့်
  အိမ်ထောင်မဖြစ်တေ ဘဝမှာ....၊

- မင်းကင့်ါကိုမချစ်
  နားလည်မှုအနှစ်မပဟိကေ
  ရင်ကဗလာ
  နှလုံးသားအကာနန့်
  ငါ...
  ဇာဒေါင့်ကြားမှာ
  တဲထိုးပြီးကေ
  လားနိန်ခီရဖို့ လဲ...။ ။ ။

## ရခိုင်ပြည်အလွမ်း

- အချိန်လွန်လားခဗျာယ်
  အိမ်ပြန်ခွင့်က
  အရိပ်ချေတောင်လှမ်းလို့ မမြင်ရသိမ့်...၊

- အချေဘဝခြီရာနန့် မွီးရပ်မြီ
  ထထွက်ကြီပနာ ပြာပုံထ
  ဗျတိရာကျန်
  ကြားရရေအသံက
  နားဝက
  မျက်ရီတိစီးကျလားခရဗျာယ်..၊

- ဝင်္ဂဟိလို့လား
  ကံတရားက စောင်းနိန်ယွဲ့ နိန်လို့လား
  အသူရို့က သနားကတ်ဖို့လေးဂု...၊

- ငါရို့တိနလုံးသားငိုသံ
  ငါရို့တိနားနန့်ရာ ကြား
  တူရေ ခံစားချက်နန့်
  ဝံလက်တိ
  အသိုက်ပျောက်နိန်ဘတ်စီ
  တောင်ပံကအကောင်း
  ခေတ်သစ်ပြောင်းဖို့
  ပျံကတ်မေဝေ..။ ။ ။

## အဝီးက ငယ်ချစ်

- ငယ်ချစ်အပြီး
  နလုံးကိုတုန်
  ရင်ခုန်စီလို့
  မပြတ်ရင်မှာ
  လွမ်းမိပါရေ..။

- ငယ်ချစ်မျက်နှာ
  စိတ်မှာမမိန့်
  တစိမ့်စိမ့်နန့်
  တလိမ့်လိမ့်ကျ
  မျက်ရီစပိုင်
  အမျှင်မပြတ်
  ရက်ပြတ်သတိရ
  တမ်းတပါရေ..။

- အကြောင်းမဆုံ
  ပေါင်းဖို့ မကြုံလို့
  ရီဝီးမြီခြား
  အနိန်များလေ့
  စိတ်ကမပြောင်း
  အချစ်ဟောင်းကို
  တောင်းဆိုလက်ဆက်
  ပေါင်းဖက်လားဖို့
  အိမ်မက်တိုင်းမှာ
  စွဲလန်းပါရေ အချစ်ဆုံးချေ..။

- ကံကြမ္မာအလှည့်
  ရင်ချင်းတေ့ဖို့
  မလွဲကေန်
  ကြုံလာပြန်ကေ
  ထပ်တူဘဝ
  လက်တွဲကျဖို့
  ကြိုးစားနိန်ယင့် လွမ်းနိန်ယင့်...။ ။ ။

## သူငယ်ချင်း ဂတုံးမ

- အချစ်ဆုံး ဂတုံးမ
  နင့်ဂေါင်းထက်မှာ
  အနာဖီးတိထ
  ဝဲချီးခြုနိန်စွာက
  ကြယ်စုံညပိုင်
  ကြည့်လို့ လှရေ…၊

- အချစ်ဆုံး ဂတုံးမ
  နင့်အပြုံးက
  မိုနာလီဇာထိုင်ဝို
  ချီးတိယိုလားအောင်
  ဖြူစင်ပြောင်လက်
  အရောင်ထရေ..၊

- အချစ်ဆုံး ဂတုံးမ
  နင့်ဒသနက
  ပို့ စ်မော်ဒန်ကဗျာတိထဲက
  နိမိတ်ပုံပြစကားလုံးတိပိုင်
  အဓိပ္ပါယ်ဖော်ရခက်တေ…၊

- အချစ်ဆုံး ဂတုံးမ
  နင့်မျက်လုံးက
  စိုးမဲကျီပတ္တမြားပိုင်
  ပြည်တန်စူးရှ
  တန်ဖိုးပြည့်ဝရေ…၊

- အချစ်ဆုံး ဂတုံးမ
  နင်နန့် ငါ
  အရက်တိယစ်ပနာ
  ရှခင်းသာတန်းထားထက်မှာ
  မိုးတလင်း ငြင်းပစ်လိုက်ကတ်စွာ
  ကုလားတန်မြစ်ဝ ပပ္ပဆူ
  ဆူနာမိတ် ဖြစ်လားခယင့်..၊

➢ မိုးသီးပေါက်တိကြွိကျ
မိုးကြီးပစ်ချရေ
ဒေပိုင်အချိန်
ထိန်းမနိုင်သိမ်းမရ
သတိရရေ
ဘဝခြားလားရေ ဂတုံးမချေ.....။ ။ ။

## ရခိုင်ဗီဒီယို အချစ်ဇာတ်လမ်း

❖ မောင်သာဘန်း မောင်သာဘန်း
ပုလင်းတစ်လုံးနန့် မောင်သာဘန်း
မောင်သာဘန်းက ကျောင်းဆရာ
ပုလင်းကိုင်လို့ ကျောင်းကိုလာ
ကျောင်းဆရာမ မသာလှ
မောင်သာဘန်းကို ချစ်မဝ
အမိအဖက သဘောမတူ
မသာလှကို ဆူ...၊

❖ ဗမာစစ်ခွီး လူဆိုးကြီး
ဒေကြားထဲမှာ ဒုက္ခပီး...၊

❖ ဖက်ခွက်စား မောင်အောက်သား
မသာလှကို ဆွဲလားရမ်းလား..၊

❖ မောင်သာဘန်းလေ့ မနိန်နိုင်
သူငယ်ချင်းတိကို တိုင်
သူငယ်ချင်းတိလူစု
ခိုးပြီးကတ်ဖို့ အကြံပြု ...၊

❖ စနီနိန့်ဉာဥ့် လပြည့်ည
ခိုးရာလိုက်တေ မသာလှ...၊

- ❖ သူကြိုက်ကိုယ်ချစ်
  လင်မယားဖြစ်
  ဒေချင့်စွာ အချစ်စစ်...၊

- ❖ မောင်သာဘန်းနန့် မသာလှ
  ဘဝတခုကို ဒေမှာစ
  အမျိုးသီလ နှစ်ဌါန
  အေချင့်စွာ ရခိုင်ရို့ အလှ..။ ။ ။

## ရင်ဖတ်ထဲက အချစ်သမိုင်း

- ■ အချစ်ဆိုစွာကို
  မျိုချထားရစွာ
  ကြာနိန်ဗျာလ်.. ညိုချေ...၊

- ■ နင့်မျက်နှာချေကို မြင်တိုင်း
  ရိုးတောင်ထက်က
  ခုန်ချရရေပိုင်
  ငါ့နလုံးသားတိ
  အထိန်းအကွပ်မဟိ
  နင့်ခြီရင်းမှာ
  ဂျမ်းပြန်ပနာပြုတ်ကျလားရရေ...၊

- ■ ခြင်ထောင်ထဲမှာ
  ဖပြားမှောက်ပနာ
  ရှီးလိုက်ရရေ ရည်းစားစာတိ
  ဖင်ကို နီထိုးခါမှ
  တရီးလေ့ မအိပ်လိုက်ရမှန်းသိရေ..၊

- ■ နင့်အမိက
  ငါ့ကိုမြင်ကေ
  ရှစ်ခေါက်ချိုးမျက်နှာနန့်
  နှာခေါင်းတွန့်ပြရေ...၊

- အရက်သမားဆဘွတ်
  ပီးအပ်လိုက်တေ ဂုဏ်ဒြပ်တိ
  နင့်အမိနန့် တွိခါမှ
  ငါလေ့ ဇကုန်ရာထူးတက်လားရရေ...၊

- အပွင့်အခက်နန့် အစိမ်းရောင်ဝတ်ခွီးကိုမှ
  လူလို့ ထင်နိန်ရေ
  နင့်အမိ ဇာတ်ဆရာမ
  ကုလားဖန်ထိုးလိုက်တေ တစ်ရက်မှာ
  နင်က ဗမာစစ်ခွီးမယား
  ငါက လမ်းဘေးကအရက်သမား
  အချစ်ပိုးနန့် ရောဂါသည်...၊

- "ချစ်ကေလေ့ မဖြစ်
  ဘဝကြမ်းမှာလိုက်မနိန်နိုင်"
  နင်ပြောခရေ ဒေစကား
  အဂုထိပင် ကြားနိန်သိမ့်ရေ...၊

- ပြက္ခတိန်တိ မြောင်းကိုရောက်
  သုံးလလောက်လေ့ ကြာရေခါ
  နင်က
  ဗမာစစ်ခွီးထားပစ်ခရေ
  တလင်ကွာမ
  ငါက ဗုဒ္ဓသားတော်
  တခုပိုင်လေ့ မသင့်တော်လိုက်ဗျာလ်...၊

- အမျိုးချစ်ခွင့် မရလိုက်တေ ငါ
  အချေတိကို စာသင်ပီးပနာ
  တရားဘောင်ထဲမှာ နိန်လီဖို့ ဗျာလ်။ ။ ။

## လှစီချင်ရေ အိမ်အပြန်လမ်း

- အဖြူရောင်သုတ်ထားရေ
  အာကာမိုးရိပ်တိထဲမှာ
  စိတ်ကူးတောင်ပံဖြန့် လို့
  ပျံကြည့်ချင်ယင့်...၊

- ထိုး...အဝီးမှာ
  ပြောင်းလဲခြင်းတရားကို
  နောက်လှည့်ထိုင်ထားရရေ
  ရိုးမတိုင်း
  အိမ်မက်ရိုင်းတိနန့်
  ဘင်္ဂလားလိုင်းသံတိကြားမှာ
  တတိတ်ချေ ဆိတ်ငြိမ်လို့
  အတွင်းဒဏ်ရာ
  သမိုင်းအနာတိနန့်
  သမိုင်းစကားကိုပြော
  အနာဂတ်ကို တွီချင်ဇောနန့်
  ပစ္စက္ခလမ်းမထက်မှာ
  လားနိန်ရစွာ ညောင်းနိန်လောက်ဗျာယ်....၊

- အသိတခု
  အရင်းပြုလို့
  တတ်နိုင်သလောက်ဝိုင်းဗျာယ်ကူ
  စိတ်တူလက်တွဲ
  ရင်ချင်းမြဲကေ
  သေချာပါရေဝေ
  ငါရို့ တိ အိမ်ပြန်လှကတ်ဖို့ ယေ...။ ။ ။

## ရခိုင်သမ ဖြူမချေ ရခိုင်စာကိုရီးကတ်မေ

- ✓ မချေ
  ရခိုင်သမဖြစ်ပြီးကေ
  ရခိုင်ပိုင်မရီးတတ်ကေ
  ကိုယ့်အမိအဖကိုလေ့စော်ကား
  ကိုယ့်စွာကိုယ်လေ့ သိက္ခာချနိန်စွာနန့်
  တူနိန်ဖို့ ယေ....။

- ✓ ရခိုင်တေးခြင်းတိနားထောင်
  ရခိုင်ကဗျာတိကိုဖတ်
  ရခိုင်ဝထုတိကိုခံစား
  ရခိုင်သမနလုံးသားနန့်
  ရခိုင်သားကိုချစ်တတ်ခါမှရာ
  အမျိုးသီလနစ်ဌါန
  ပြည့်ဝမဏ္ဍိုင်
  စောင့်ထိန်းနိုင်ဖို့ ယေ။

- ✓ ကိုယ့်စကားကို ကိုယ်မလေးစား
  ကိုယ့်စာပီကို ကိုယ်မသိ
  ကိုယ့်ဘဝကို ကိုယ်မမြင်
  ကိုယ့်သိက္ခာကို ကိုယ်အသိအမှတ်မပြု
  ကိုယ့်အတွင်းစိတ်ကို ကိုယ်မလေ့လာကေ
  လူဖြစ်ခြင်းအရသာ
  ဇာလျှာနန့် လားပနာ
  မြည်းကြည့်ဖို့ လဲ...။ ။ ။

## ရခိုင်စာ

- ➢ ရခိုင်ရို့ ဘဝ
  ရခိုင်ရို့ အလှ
  ရခိုင်ရို့ ကိုးကွယ်ရာ ရခိုင်စာ၊

- ရခိုင်ရို့ ဂုဏ်သိက္ခာ
  ရခိုင်ရို့ ကံကြမ္မာ
  ရခိုင်ရို့ အားထားရာ ရခိုင်စာ၊

- ရခိုင်ရို့ တန်ဖိုး
  ရခိုင်ရို့ မျိုးရိုးအမွီ
  ရခိုင်ရို့ အသိပညာ ရခိုင်စာ၊

- ရခိုင်ရို့ ဂီတ
  ရခိုင်ရို့ ရသ
  ရခိုင်ရို့ ယိုင်ကျေးမှုစီးဆင်းလားနိန်ရေနိန်ရာ ရခိုင်စာ၊

- ရခိုင်ရို့ အတိတ်
  ရခိုင်ရို့ အရိပ်
  ရခိုင်ရို့ ခြီရာ ရခိုင်စာ၊

- ရခိုင်ရို့ ပစ္စက္ခ
  ရခိုင်ရို့ အွန္တိမပန်းတိုင်
  ရခိုင်ရို့ ဆုပ်ကိုင်လားရာ ရခိုင်စာ၊

- ရခိုင်ရို့ အနာဂတ်
  ရခိုင်ရို့ စိတ်ဓါတ်
  ရခိုင်ရို့ ရှင်သန်ရာ ရခိုင်စာ၊

- ရခိုင်ရို့ အသက်
  ရခိုင်ရို့ အိမ်မက်
  ရခိုင်ရို့ မျှော်လင့်ချက်တိ ကိန်းအောင်းနိန်ရေနိန်ရာ ရခိုင်စာ၊

- ရခိုင်ရို့ သွီး
  ရခိုင်ရို့ ခရီး
  ရခိုင်ရို့ လွတ်လမ်းကို လမ်းပြပီးစီနိုင်ရေအရာ ရခိုင်စာ…။ ။ ။

# စာနဲချေတိ

**မဖြစ်နိုင်ခြင်း၏တဖက်မှာ**

ကမ္ဘာကျော်ဖိနပ်အမျိုးမျိုးတိထုတ်လုပ်တေ ကုမ္ပဏီကြီးတခုက အာဖရိကတိုက်ထဲက ဆင်းရဲရေတိုင်းပြည်ချေ တပြည်မှာ လားပနာ ဖိနပ်ရောင်းဖို့ ဆုံးဖြတ်လိုက်ကတ်တေ။ အကြမ်းအားဖြင့် ယင်းတိုင်းပြည်ကလူတိမှာ ဖိနပ်မဟိ ဖိနပ်မစီးတတ်သိမ့်လို့ သတင်းအချက်အလက်တိရထားကတ်ကေလေ့ ဝယ်လိုအားမြင့်နိန်စွာကို လက်တွိကျကျ သိနိုင်ဖို့ စီးကွက်လေ့လာရေး မန်နီဂျာတယောက်ကို သုတေသနလားလုပ်ဖို့ လွှတ်လိုက်တေ။

တစ်လလောက်ကြာရေခါ ဒေဖိနပ်ရောင်းချရေးစီမံကိန်းနန့် ပတ်သက်တေ အစီရင်ခံစာတစောင်ထွက်ပါလတ်တေ။ စီးကွက်ကိုကွင်းဆင်းလေ့လာခရေ မန်နီဂျာက ယင်းစာမှာ "အေတိုင်းပြည်က လူတိစွာ ဖိနပ်မစီးကတ်။ ဖိနပ်ကို စီးသင့်ရေအရာလို့ လေ့မယူဆကတ်။ ယေပြီးကေ ဖိနပ်ဝယ်စီးဖို့ ဒင်္ဂါးလေ့ တပြားချေလေ့ မဟိကတ်။ ယင်းအတွက်နန့် ဒေစီမံကိန်းကို လားပနာအကောင်အထည်ဖော်ကေ အေကုမ္ပဏီကြီး အကြီးအကျယ်ရှုံးလားနိုင်ပနာ ဒေဝါလီတောင်ခံ လားနိုင်ပါရေလို့ အကြံပြုတင်ပြထားရေ။"

ယေကေလေ့ စီအီးအိုအပါအဝင်ကုမ္ပဏီအုပ်ချုပ်ရေးအဖွဲ့က ဒေစီမံကိန်းကို လုံးဝအဖျက်မခံ မဖြစ်ဖြစ်တေနည်းနန့် လုပ်လားဖို့ ဆုံးဖြတ်ထားကတ်လို့ နောက်ထပ်စီးကွက်လေ့လာရေးမန်နီဂျာချေအသစ်တယောက်ကို ကွင်းဆင်းလေ့လာဖို့ လွှတ်လိုက်တေ။

(၁၅) ရက်လောက်ကြာရေခါ အစီရင်ခံစာ ထွက်ပါလတ်တေ။ အေစာမှာ စီးကွက်မန်နီဂျာချေအသစ်က " အေတိုင်းပြည်ကလူတိစွာ ဖိနပ်အမျိုးမျိုးကို တခြားတိုးတက်တေ တိုင်းပြည်တိကလူတိပိုင် စီးချင်ကတ်တေ။ ယေကေလေ့ ဝင်ငွေမဟိရေခါ အေသူရို့ဆန္ဒစွာ အိမ်မက်ကြမ်းတခုအဖြစ်နန့် ရာ ကျန်နိန်ရရေ။ အေလူတိမှာ ဖိနပ်ဝယ်စီးဖို့ ဒေါ်လာတိမဟိကတ်ကေလေ့ စပါးတိပြောင်းဖူးတိ စိုက်ကတ်တေ။ ယင်းအတွက်နန့် ကုမ္ပဏီကရောင်းဖို့ စိုင်းစားထားရေ ဖိနပ်တိကို ရာ စပါးတိပြောင်းဖူးတိနန့် ဖပနာ အလှဲ့အလှယ်လုပ်ရောင်းဝယ်နိုင်ကေ ဖိနပ်ရောင်းလို့ အမြတ်ရနိုင်ရေပိုင် စပါးတိပြောင်းဖူးတိကို တခြားစီးကွက်မှာတင်ပို့လိုက်ကေ ယင်းကလေ့ အမြတ်တိရလာနိုင်ပါသိမ့်ရေ" လို့ တင်ပြအကြံပြုထားရေ။ မဖြစ်နိုင်ခြင်း၏တဖက်မှာ ဖြစ်နိုင်ခြင်းတိအများကြီးဟိနိန်တတ်စွာကို ဒေမန်နီဂျာချေအသစ်က လက်တွိပြလားခပါရေ။

===================

**အပြင်ပန်းနန့် အနှစ်သာရ**

ရခိုင်ပြည်မှာ ဂျုံစိုက်လို့ မရ။ ပန်းသီးပင်တိ စိုက်လို့ မရ။ ဒေပိုင် ပကတိအခြေအနေကို လစ်လျူရှုပနာ ပေါင်မုန့် တိစားကတ်ပါ ပန်းသီးတိစားကတ်ပါ ခေတ်မှီပါရေ လို့ လားပြောကေ ပြောရေလူစွာ တဖွဲ့ချေလောက်အချေဆန်နိန်ဖို့ လို့ ထင်ရေ။

ပြုပြင်ပြောင်းလဲရေးသမား ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားရေလူ လုပ်ချင်ရေလူစွာကိုယ့်လူ့ အဖွဲ့ အစည်း၏လိုလားချက်နန့် တောင်းဆိုနိန်မှုကို အယင်ဆုံးသိထားကတ်ရဖို့ လို့ ထင်မိရေ။ နောက်တစ်ခုက အနှစ်သာရနန့် အပြင်ပန်းကို ခွဲခြမ်းစိတ်ဖြာကြည့်မြင်နိုင်စွမ်းဟိရဖို့။ ဥပမာ- ပေါင်မုန့်စား၊ Hip Hop တေးခြင်းဆို၊ Jeans ဘောင်းဘီတိဝတ်ခြင်းရေ အပြင်ပန်းယိုင်ကျေးမှု တစ်ခုရာဖြစ်တေ။ အနှစ်သာရဟိရေ ယိုင်ကျေးမှုမဟုတ်ပါ။ ရခိုင်ပြည်မှာ ကမ္ဘာ့အဆင့်အတန်းမှီရေ တက္ကသိုလ်ကျောင်းကြီးတိဖွင့်ရေး၊ ရခိုင်သားရခိုင်သမတိ အရည်အချင်းအစွမ်းအစဟိရေ ပညာရေးမြင့်မားလာရေး တိကရာ အနှစ်သာရပြည့်ဝရေ ကမ္ဘာ့ကြီးနန့် ရင်ဘောင်တန်းနိုင်ရေ ယိုင်ကျေးမှုကို ကျင့်သုံးခြင်းလို့ မြင်ရေ။

ခေတ်မှီဖွံ့ဖြိုးတိုးတက်ခြင်း၏ စစ်မှန်ရေ အဓိပ္ပါယ်ဖွင့်ဆိုမှုက လူများတိလုပ်နိန်ပြောနိန်ဝတ်နိန်စားနိန်ခြင်းကို အတုခိုးချခြင်းမဟုတ်..၊ မိမိကိုယ်ကို အသိဉာဏ် အတွေးအခေါ် အယူအဆပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ပနာ ကိုယ့်လိုအပ်ချက်တောင်းဆိုမှုကို ကိုယ်တိုင်ရှာဖွေခြင်းရာ ဖြစ်တေ။ ။ ။

=====================

**အဆင့်ဟိရေ ရခိုင်သားရခိုင်သမတိုင်း ရခိုင်စာကို ရှီးကတ်တေ**

အဆင့်စွာ အကျင့်နန့် သက်ဆိုင်ရေ။ အကျင့်က ကောင်းမကောင်း မှန်မမှန်ဆိုရေ ဟီရိသြတ္တပ္ပတရားကို လက်ကိုင်ထားပြီးကေ အသိတရားကို ခွဲခြမ်းစိတ်ဖြာပနာ ကောင်းခြင်းမှန်ခြင်းကို လက်ခံရေ ဆင်ခြင်တုံ တရားကြီးမားခြင်းမှာ သန္ဓေတည်ထားရေ။ အကျင့်ယိမ်းယိုင်ဖောက်ပြန်စွာနန့် အဆင့်လေ့ နိမ့်ကျလားတတ်တေ။

အဆင့်ဟိခြင်းစွာ ငွေကြေးချမ်းသာကြွယ်ဝခြင်း၊ ရာထူးဂုဏ်ဒြပ်ပြည့်စုံခြင်း၊ အတန်းပညာတိအများကြီးတတ်ခြင်းနန့် လေ့ သက်ဆိုင်ဆက်စပ်မှုမဟိရေ သီးခြားလက္ခဏာရပ်တခုဖြစ်တေ။ ငွေ၊ရာထူး၊ အတန်းပညာတိ အားလုံးပြည့်စုံနိန်ကေလေ့ အကျင့်မကောင်းရေခါ အဆင့်အတန်းမဟိရေ လူတိအဖြစ် သတ်မှတ်ခံထားကတ်ရရေ ပုဂ္ဂိုလ်တိကို လူ့အဖွဲ့ အစည်းမှာ အများကြီးတွိနိုင်ရေ။

အဆင့်စွာ လူ့ဘောင်လောကကြီးက လူတိကို ထိုက်တန်လို့ ပီးထားရေ တန်ဖိုးတခုပင် ဖြစ်တေ။ အေ တန်ဖိုးကို ဖေးသာနန့် ဝယ်ယူလို့ မရ။ အာဏာနန့် သိမ်းပိုက်လို့ မရ။ အတန်းပညာတိ အများကြီးတတ်တေ ဆိုပြီးကေ အပိုင်လိုချင်လို့ မရ။ လူ့အခြီခံအသိတရားနန့် နှလုံးသားကြီးမားခါမှရာ အမွန်မြတ်ဆုံးလက်ဆောင်အဖြစ် လူတိကို ပီးတတ်တေ။

အားလုံးသူရို့ သိကတ်တေအတိုင်း ရခိုင်ရို့ လူ့ဘောင်စွာ အဖျက်ခံထားရရေ။ ဒေပိုင် အဖျက်ခံထားရရေ အရာတိထဲမှာ ဘာသာစာပီက ထိပ်ဆုံးက ပါနိန်ရေ။ အဂုဆိုကေ ရခိုင်မှာ စာမပဟိဆိုရေ အမြင်မျိုးနန့် လူမျိုးခြားတိက ဝိုင်းပနာကြည့်လာကတ်တေ အခြေအနေဆိုးကိုရောက်ပါလတ်တေ။ ဘာသာစကားဆိုစွာ လူ့အဖွဲ့ အစည်းဖြစ်တည် ရှင်သန်ဖို့ တစည်းတလုံးတည်းတည်တံ့နိန်ဖို့ ချိုင်ပီးထားရေ ကြိုးနန့်တူရေ။ အေကြိုး အဖြတ်ခံရစွာနန့် ယင်းလူ့ ဘောင်စွာ ဖောင်ဖျက်ဝါးပိုင် အစည်းပြယ်ပနာ ထိုတစဒေတစ ကြင်းလားလီကတ်ရဖို့ စွာပါဗျာလ်။

ယင်းအတွက်နန့် ရခိုင်သားရခိုင်သမတိက ရခိုင်စာကိုရှီးပနာ ရခိုင်ရို့ ဘာသာစာပီ ပြန်ပနာ ရှင်သန်လာဖို့ ကြိုးစား နိန်ကတ်ခြင်းရေ ရခိုင်ရို့ လူ့ဘောင်၏အသက်ကို ကယ်ဆယ်ဖို့ ကြိုးစားခြင်းနန့် တူရေ။ လူတယောက်၏အသက်ကို ကယ်နိုင်ကေပင် ကုသိုလ်ရရေ မြင့်မြတ်တေလို့ ခံယူထားကတ်တေ ဗုဒ္ဓဘာသာဝင် ရခိုင်သားရခိုင်သမတိစွာ သန်းနန့် ချီရေ ကိုယ့်လူမျိုးတိနန့် ကိုယ်ရို့ လူ့အဖွဲ့ အစည်းကို ကယ်ဆယ်ဖို့ ကြိုးပမ်းအားထုတ်နိန်ကတ်ခြင်းရေ အကျင့်မြင့်ပြီး ကေ အဆင့်ဟိခြင်းပင် ဖြစ်တေ။

---

**လမ်းသစ်နန့် လမ်းဟောင်းကြားက ဒွိဟ**

လမ်းဟောင်းကိုစွန့်ခွါကတ်တေခါ လမ်းသစ်မှာ ကြုံလာရဖို့ အခက်အခဲ အတားအဆီး စိန်ခေါ်မှု အားစမ်းမှု ပတ်ဝန်းကျင်ကတိုက်ခတ်လာရေ လှိုင်းဒဏ်လီဒဏ်တိကို ခံနိုင်ရည်မဟိကေ ဖိအားတွန်းအားတိနန့် ရင်ဆိုင်ရပနာ ထိုမရောက်ဒေမရောက် လမ်းပျောက်လားတတ်တေ။ စိတ်ခွန်အားကို ပြည့်ဝအောင်လုပ်ထား ရပ်တည်မှုခိုင်ခိုင် မာမာနန့် မလျော့ရေဖွဲ့ကို ကိုင်ပနာလားခါမှ မျှော်မှန်းရေပန်းဖူးကို ရောက်နိုင်ဖို့ ။

ကမ္ဘာကြီးက ရပ်လို့မနိန်ရေပိုင် လူတိလေ့ ပြောင်းနိန်ကတ်တေ။ အပြောင်းအလဲ အလှည့်အပြောင်းတိဆိုစွာ လူတိနန့် ရင်းနီးကျွမ်းဝင်ပြီးသား မိတ်ဆွေကောင်းတိဖြစ်ပါလတ်တေ။ ဒေပိုင် အခြေအနေတိအောက်မှာ တချို့က အဟောင်းကို ချန်ထားပနာ အသစ်ဘားကို ဦးတည်ပြီးကေ လားကတ်တေ။ တချို့က အဟောင်းထဲမှာ နစ်မြုပ်ပနာ ဘဝဆုံးလားကတ်တေ။ တချို့က အဟောင်းထက် ပိုလို့ဟောင်းရေ နိန်ရာကို ရွှီလားနိန်ကတ်တေ။

သေချာနိန်စွာတစ်ခုက အချေခါဝတ်ခရေ အကျီတိကို ကြီးခါ ပြန်ဝတ်လို့မရရေပိုင် အသစ်ဆိုစွာ လစ်လျူရှုပစ်ပယ် ထားလို့ရရေ အရာမဟုတ်။ အသစ်နန့် မတွိချင်ပါ ပုန်းလို့နိန်ပါဖို့ ဆိုကေတောင် အသစ်က အိမ်ထဲထိဝင်လာနိုင်ရေ။ ခြင်ချေတစ်ကောင်ကိုက်တေဒဏ်ပုရွက်စိတ်ချေတစ်ကောင်ကိုက်တေဒဏ်ကို မခံနိုင်လို့ လမ်းတစ်ပိုင်းမှာ ကျန်လိုက်ဖို့ ဗျာယ် ရှိဆက်လို့မလားနိုင်ဗျာယ် ဆိုခြင်းရေ အသစ်ကိုလိုချင်ရေ ကိုယ့်ယုံကြည်မှုကို အသီသတ်လိုက်ခြင်းပင် ဖြစ် တေ။

ဝီခွဲမရဒွိဟာဖြစ်မှုက လူ့စိတ်တစ်နိန်ရာမှာ ဟိနိန်တတ်တေ ခံစားချက်တစ်မျိုး။ ဒေခံစားချက်ကို အသိတရားနန့် ဆီးပြီးခါမှသန့် ယှင်းလတ်ဆတ်တေ အမြင်နန့် ရှိဆက်လားဖို့ ခရီးကို လှမ်းမြင်နိုင်ပါဖို့ ။

ခေတ်သစ်အိုင်တီဘလော့ဂ်စာမျက်နှာတိထက်က ရခိုင့်စာပီလှုပ်ယှားမှုစွာ ခါးဆက်အဖြတ်ခံထားရရေ အညွှန့် ချိုး ခံထားရရေ ရခိုင်စာပီအပင်ကြီးပြန်ရှင်လာဖို့ မြီသြဇာ အားဆီးတစ်ခွက်ဖြစ်ပါလတ်တေ။ အေပိုင်အချိန်ကာလမှာ ဒေ အပင်ကြီးရှင်သန်လာဖို့ အားလုံးဝိုင်းဝန်းပြုစုပျိုးထောင်ပီးမှုက လိုအပ်တေ။ အားစုံခါမှ အပင်လှပါဖို့ ။ ရွက်နုချေတိ

ထွက် အပွင့်ချေတိပွင့်ပနာ အနံ့ချေတိသင်းပျံ့မွှီးကြိုင်လာပါဖို့။ တက်ညီလက်ညီ ကလောင်ချေတိစုံပနာ မိုးဒဏ်လီဒဏ် လှိုင်းဒဏ်တိကို ခံခံကာကွယ်ပြီးကေ ရခိုင်စာပီအပင်ကြီးကို ဝိုင်းရံပံ့ပိုးပီးလားကတ်ပါမေ။

====================

## တော်လှန်ပြည်သူနန့် ပြောက်ကျားတိုင်းပြည်

လွတ်လပ်တေလူမျိုးမှ မြင့်မြတ်တေ။ လွတ်လပ်တေလူမျိုးမှ လူဖြစ်ခြင်းအနှစ်သာရ လူ့ဂုဏ်သိက္ခာ လူ့တန်ဖိုးကို ပိုင်ဆိုင်ရေ။ ဒေကမ္ဘာလောကကြီးမှာ ကိုယ့်တိုင်းပြည်နန့် ကိုယ် ကျွန်ဖြစ်နိန်ရစွာလောက် ရင်ဆာဖို့ကောင်းစွာမဟိပါ။

ဒေပိုင် မယိုင်ကျေးရေ လူကလူကို သွီးစုပ်တေကိုနီလိုစနစ်ကို ဖျက်သိမ်းကတ်ဖို့ နိုင်ငံတကာဥပဒေတိ ပြဋ္ဌာန်းထားရေ။ လူမျိုးတမျိုးက လူမျိုးတမျိုးကို ကျွန်ပြုထားခြင်းရေ လူစိတ်ပျောက်ပနာ ခွီးစိတ်ပေါက်ပြီးကေ ခွီးဘဝကို ကူးပြောင်းလားခြင်းပင် ဖြစ်ကြောင်း ဒေဥပဒေတိက လူတိကို သတိပီးထားရေ။ ယေကေလေ့ အေနိန့်ထက်ထိ ဗမာက ကိုလိုနီစနစ်ကို ပရိယာယ်မာယာအမျိုးမျိုးနန့်လိမ်ပနာ ကျင့်သုံးနိန်တုန်းသိမ့်။ ယင်းအတွက်နန့် ရခိုင်အပါအဝင် မွန် ချင်း ကချင် ကရင် ရှမ်း စရေ လူမျိုးပေါင်းစုံကို ဗမာပဒေသရာဇ်စစ်စနစ်နန့်ကိုလိုနီလုပ် ကျွန်ပြုထားရေ ဗမာကို ခွီး လို့ ရာသတ်မှတ်သင့်ရေ။ အဂုပိုင်ကျွန်ပြုထားနိုင်ခြင်းရေ ဗမာခွီးတိက တော်လို့လား မဟုတ်ကေ ကျွန်ဖြစ်နိန်ရရေ လူမျိုးပေါင်းစုံက ညံ့လို့လား။ နှစ်ခုမှာ တစ်ခုကတော့ကေ မှန်နိန်လီဖို့စွာက ဖေဒင်လားမိန်းကြည့်စရာမလိုလို့ထင်ရေ။

ကမ္ဘာကြီးမှာ ကျွန်ဘဝကလွတ်မြောက်ပါလတ်တေ လူမျိုးတိုင်းပြည်တိသမိုင်းကိုလေ့လာကြည့်လိုက်ကေ အေသူရို့ပြည်သူလူထုတိစွာ လူတိုင်းကတော်လှန်ပြည်သူတိ ဖြစ်နိန်ပြီးကေယင်းသူရို့တိုင်းပြည်တိကလေ့ပြောက်ကျားတိုင်းပြည်တိဖြစ်နိန်ရေ။ လူတိုင်းက နိုင်ငံရေးခံယူချက်ခိုင်မာပြီးကေ နိုင်ငံရေးအသိစိတ်နိုးကြားကတ်တေ။ လွတ်လပ်လိုရေ စိတ်ဆန္ဒတိပြင်းပြကတ်တေ။ ကိုယ့်ခြီထောက်မှာ ကိုယ်ရပ်ချင်ကတ်ပြီးကေ လူများပါးမှာ အောက်ကျမခံချင်ရေ မာနတိဟိကတ်တေ။ အမျိုးသားအကျိုးစီးပွါးဆိုရေ စည်းဝိုင်းထဲမှာ စုပေါင်းတာဝန်ခံ စုပေါင်းတာဝန်ယူ စုပေါင်းလုပ်ဆောင်ချက်တိနန့် လူထုတော်လှန်ရေးကို အကောင်အထည်ဖော်ပနာ အောင်မြင်အောင်တိုက်ပွဲဝင်ပြီးကေ လူထုတိုင်းပြည်တိထူထောင်ကတ်စွာကို တွိရရေ။ အေပိုင် လူမျိုးတိကို ကမ္ဘာကြီးက လေးစားရေ။ ဂုဏ်ယူအားကျကတ်တေ။

ရခိုင်သား ရခိုင်သမတိအားလုံးလေ့ တော်လှန်ပြည်သူတိ ဖြစ်ပါလတ်ပနာ ရခိုင်ပြည်ကြီးလေ့ ပြောက်ကျားတိုင်းပြည် ဖြစ်လာရေ တနိန့်တရက်မှာ ရခိုင်ရို့ ဗမာကိုလိုနီစစ်ကျွန်ဘဝက လွတ်မြောက်ပြီးကေ ဆုံးရှုံးနိန်ရရေ ကိုယ့်တိုင်းပြည်ကို ကိုယ်ရို့လက်ထဲမှာ ပြန်ပနာပိုင်ဆိုင်လာကတ်ရဖို့စွာက ကျိန်းသီနိန်ကြောင်း ပြောချင်ရေ။

လင်မယားရန်ဖြစ်တေပိုင် ဟန်ပြနိုင်ငံရေးနန့် အချိန်ဖြုန်းပါလတ်ကတ်တေ ဗမာဗဟိုပြုနိုင်ငံရေး ( Burman (Bamar) centered-politics) ကို နိဂုံးချုပ်အဆုံးသတ်ပြီးကေ နောက်ထပ်ပုံစံတမျိုးနန့်လိမ်ဖို့ အကွက်ဆင်ပါလတ်တေ နိုင်ငံရေးရာသီအပြောင်းအလဲမှာ ရခိုင်သားတိ နောက်ကျမကျန်လိုက်ဖို့ လိုအပ်တေ။ ဒေပိုင် အသွင်ပြောင်းနိန်ရေ ကာလမှာ ရေရှည်အမြင်နန့်နိုင်ငံရေးပြည့်ဝရေ မျိုးဆက်သစ်တရပ်ကို ရခိုင်သားရို့ ပြုစုပျိုးထောင်ပီးရဖို့ အချိန်ကို ရောက်ပါလတ်တေ။ နိုင်ငံရေးသားကောင် အဖြစ်မခံဘဲ တန်ဖိုးဟိရေ နိုင်ငံရေးသားကောင်းဖြစ်လာအောင် လုံ့လစိုက်ကြိုးစားအားထုတ်ကတ်ရဖို့စွာက အဂုခေတ်ရခိုင်သား ရခိုင်သမချေတိ၏ မွီးရာပါတာဝန်ဝတ္တရားပင် ဖြစ်တေ။

==================

## အမျိုးသီလ နှစ်ဌါနကို အဓိပ္ပါယ်ပြန်ဖွင့်ခြင်း

အမျိုးသီလ နှစ်ဌါနစွာ ရခိုင်ပြည်ကျလားခါကပင် ကပ်ပါလားခဗျာယ်လို့ ပြောကေ ရခိုင်သားတိ ဇာပြောကတ်ဖို့လဲချင့်။ အမျိုးသီလ နှစ်ဌါနကို စောင့်ထိန်းကတ်ရဖို့ ဆိုခြင်းရေ ရခိုင်တိုင်းပြည်၏နိုင်ငံရေးမူဝါဒ တစ်ခုဖြစ်ခရေ။ အေချင့်ကို အကျယ်ချဲ့ ပြောရဖို့ ဆိုကေ အမျိုးသီလ ဆိုစွာ ရခိုင်သားတိမှာ ကိုယ့်တိုင်းပြည်နန့် ကိုယ့်လူမျိုးကို ကိုယ်ရို့ ကာကွယ်စောင့်ရှောက်နိုင်ခြင်းနန့် နိုင်ငံကြီးသားစိတ်ဓါတ်ဟိခြင်းကို နိုင်ငံရေးအရပေါ်လစီချပနာ ဖော်ပြခြင်းပင် ဖြစ်တေ။

အမျိုး (အနီရောင်) ၏ အဓိပ္ပါယ်က အချုပ်အချာအာဏာကိုပိုင်ဆိုင်ရေ စည်းမျဉ်းခံဘုရင့်နိုင်ငံတော်ဖြစ်တေ ကိုယ်ပိုင်နိုင်ငံရေးအာဏာဟိရေ လူမျိုးတမျိုးဖြစ်တေ.. ဒေပိုင်နိုင်ငံရေးဩဇာအာဏာနန် ့ ကိုယ့်လူမျိုးလုံခြုံရေးကို ကိုယ်ရို့ ကာကွယ်နိုင်ရေ ဆိုစွာကို ဖော်ညွှန်းခြင်းပင် ဖြစ်တေ။ ရခိုင်သားက ရခိုင်သမကို ယူခြင်းရေ အမျိုးချစ်တေလို့ ထင်မြင်ယူဆနိန်ကတ်ခြင်းရေ တပိုင်းတစရာ မှန်ရေ အားလုံးမမှန်ပါ။

သီလ (အဖြူရောင်) ၏ အဓိပ္ပါယ်က နိုင်ငံကြီးသားစိတ်ဓါတ်ဟိရေ တရားမျှတရေးတန်းတူရေးငြိမ်းချမ်းရေး လောကပါလတရားကို တန်ဖိုးထားရေ လူသားဝါဒကိုကျင့်သုံးရေ ဆိုစွာကို ဖော်ပြပြခြင်းပင် ဖြစ်တေ။ ဘာသာရေး ရှုထောင့်အမြင်အရ ရခိုင်သားတိုင်း ငါးပါးသီလစောင့်ထိန်းကတ်ရဖို့ လို့ ဆိုလိုခြင်း မဟုတ်ပါ။ လောကီလောကုတ္တရာ ပေါင်းထားပနာ ရခိုင်ရို့ လူ့ဘောင် တခုလုံး လိုက်နာနိုင်အောင် ချမှတ်ကျင့်သုံးခရေ နိုင်ငံရေးပေါ်လစီတခု ပင်ဖြစ်ပါရေ။

နိုင်ငံကြီးသားစိတ်ဓါတ်ဆိုစွာ နိုင်ငံကြီးခြင်း ငယ်ခြင်း လူဦးရေ များခြင်းနည်းခြင်းနန့် မဆိုင်ပါ။ အကျင့်နန့် ရာဆိုင်ပါရေ။ လူ လူချင်းတန်ဖိုးထားပနာ လူသားစိတ် ဇာလောက်ကြီးမားလေ ဆိုရေ ပေတံနန့် ရာ တိုင်းတာနိုင်ပါရေ။ ဗမာမှာ နိုင်ငံကြီးသားစိတ်မဟိပါ။ ဗမာသမိုင်းမှာ ညီကိုအရင်း အချင်းချင်းသတ်ကတ်တေ။ အဂုလေ့ ရှမ်းမတိကို မုဒိမ်းကျင့် ကရင်ရွာတိကို မီးတိုက် လူသတ်။ အေချင့်က ဗမာစစ်ခွီးတိမှာ ဒမြစိတ်ဓါတ်ရာ ဟိရေ ဆိုစွာကို ဖော်ပြနိန်ပါရေ။ ဗမာမှာ လူဦးရေ သန်း (၂၀) လောက်ဟိကေလေ့ လူသားစိတ်မဟိ ယိုင်ကျေးမှုမမြင့်မား နိုင်ငံကြီးသားစိတ်မဟိဆိုစွာကို ကမ္ဘာ့အသိုင်းအဝိုင်းက လက်ခံထားကတ်တေ။

ဆက်ပြောရဖို့ ဆိုကေ အေနိန့် ကာလမှာ အမျိုးသီလ နှစ်ဌါနကို ရခိုင်သားတိ စောင့်ထိန်းခွင့်မရရေ အခြေအနေ မျိုးဆိုက်ရောက်နိန်ရရေ။ ဗမာစစ်ခွီးတိ ချမှတ်နိန်ရေ ဒမြဝါဒအောက်မှာ ဗမာစစ်ခွီးတိ မှိုင်းတိုက်ဖြန့် ချီနိန်ရေ ဆီဆွတ် ပေါ်လစီတိအောက်မှာ ရခိုင်သားတိ အမျိုးသီလ နှစ်ဌါနကို ပြည့်ဝမက္လိုင် မစောင့်ထိန်းနိုင်ရေ အခြေအနေဆိုး ဘဝဆိုး အငတ်ဘုံ ပြာပုံမှာတိုးနိန်ရရေ အဆင့်ကိုရောက်နိန်ကတ်ရစွာ အားလုံးသူရို့ သိကတ်ပါရေ။ ဥပမာတခုပီးရဖို့ ဆိုကေ မွှီးပျံ့ကြိုင်သင်းရေ ပန်းခြံတခုဆောက်ဖို့ မြီကေ လေးငါးခြောက်ကေလောက် အနည်းဆုံးလိုအပ်တေ။ မြီမဟိကေ ယင်းပန်းခြံဆောက်လို့ မရ။ ယင်းပိုင်ဗျာယ် အမျိုးသီလ နှစ်ဌါနကို ပြည့်ဝမက္လိုင် စောင့်ထိန်းနိုင်ဖို့ ကိုယ်ပိုင်အချုပ်အချာအာဏာနန့် ကိုယ်ရို့ အုပ်ချုပ်တေတိုင်းပြည်လိုအပ်တေ။

ယင်းအတွက်နန့် ကိုယ်ပိုင်အချုပ်အချာ အာဏာပိုင်ခွင့်နန့် ရခိုင်ရို့ ပြည်ကို ရခိုင်တိ အုပ်ချုပ်ခွင့် ရဟိရေး အတွက် ဗမာကိုလိုနီစစ်စနစ်ဖျက်သိမ်းရေးနန့် ဗမာစစ်ခွီးတိကို ရခိုင်ပြည်က မောင်းထုတ်ရေးရေ ပထမ ဖြစ်လာရပါဖို့။ ယပြီးခါမှရာ အမျိုးသီလ နှစ်ဌါနကို ပြည့်ဝမက္လိုင် စောင့်ထိန်းနိုင်ရေ ရခိုင်သားလို့ ကမ္ဘာကြီးအလယ်မှာ လက်မထောင် လာနိုင်ပါဖို့။ ။ ။

======================================

## ဆောင်းပါးကဏ္ဍ

**မမြင်နိုင်ရေ ပါဝါ**

၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နန့် ၉ ရက်နိန့်တိမှာ ဟီရိုရှီးမားနန့် နာဂါစကီမြို့တိကို နူးကလီးယားဗုံးတိ ချပလိုက်တေနောက်ပိုင်း ဩဂုတ်လ ၁၅ ရက်နိန့်မှာ ဂျပန်အင်ပါယာဘုရင် ဟီရိုဟီတို က ဂျပန်တိ လက်နက် ချကြောင်း ရေဒီယိုက ကြေငြာလိုက်ပြီးကေ လူသန်းပေါင်း ၇၀ ကျော် အသက်ဆုံးယုံးလားခရရေ ဒုတိယ ကမ္ဘာစစ်ကြီးကို အဆုံးသတ်လိုက်တေ။ ဂျပန်ဖက်ဆစ်စစ်ဝါဒလေ့ နိဂုံးချုပ်ဇာတ်သိမ်းလားခရေ။

ဒေနိန်ရာမှာ စိတ်ဝင်စားဖို့အကောင်းဆုံးအချက်တခုက ဟီရိုရှီးမားပိုင် မြို့ကြီးတမြို့လုံးကို ပြာကျလားနိုင်အောင် စွမ်းအားပြင်းရေ ဗုံးကို ဒုက္ခသည်တယောက်က တီထွင်ပီးလိုက်ခြင်းပင် ဖြစ်တေ။ အားလုံးသူရို့ သိထားကတ်တေ အဲဒ ဒုက္ခသည် (ဝါ) ရဖျူဂျီ က သိပ္ပံပညာသျှင်အိုင်စတိုင်းပင် ဖြစ်ပါရေ။ ဂျာမန်နာဇီတိ လိုက်သတ်လို့ အသက်ကိုဖက်နန့်ထုပ်ပနာ ထွက်ပြီးလာလတ်ရရေ အိုင်စတိုင်းစွာ အမေရိကန်နိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်လျှောက်ပနာ ဒုက္ခသည်ဘဝနန့် ကမ္ဘာကြီးကောင်းကျိုး နန့်လူသားအခွင့်အရေးတိအတွက် တိုက်ပွဲဝင်ခပြီးကေ ၁၉၅၅ ဧပြီလ ၁၈ ရက် အသက် ၇၆ နှစ်မှာ ကွယ်လွန်လားခရေ။

ဂျာမန်နာဇီတိ အနုမြူဗုံးထုတ်ဖို့ အစီအစိုဉ်ဟိစွာကို အရိပ်ကျလို့ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၂ ရက်နိန့်မှာ အမေရိကန်သမ္မတရုစဗဲ့ဘားကို အိုင်စတိုင်းက စာတစောင်ရီးပို့ခရေ။ ယင်းစာထဲမှာ ယူရေနီယမ်သတ္တုကို အခြေခံပနာ အင်အားပြင်းရေ နူကလီယားဗုံးတီထွင်လို့ရနိုင်ကြောင်းကို အကြံပြုတင်ပြထားရေ။ ဂျာမန်နာဇီတိကို ဆုံးမဖို့ ရည်ရွယ်ချက်ထားခရေ အိုင်စတိုင်းဖော်မြူလာနန့် အိုင်ဒီယာစွာ အဂေါင့်ဂေါင့်ဗုံးဖြစ်လာပြီးကေ ဂျာမန်နာဇီတိ စောစောစီးစီး လက်နက်ချလားခကတ်တေခါ ဂျပန်ဖက်ဆစ်တိကိုရာ ဒုတိယကမ္ဘာစစ်လက်ဆောင်အဖြစ် ပီးလိုက် ကတ်တေ။ အတိုချုပ်ပြောရဖို့ဆိုကေ ဂျာမန်လူမျိုးကြီးစိတ်ဓါတ်မှာ အခြီခံထားရေ အစွန်းရောက်နာဇီဝါဒနန့် ဂျပန်အင်ပါယာချဲ့ထွင်ရေးအမျိုးသားရေးစိတ်ဓါတ်မှာ ဗဟိုပြုထားရေ ဖက်ဆစ်စစ်ဝါဒတိကြောင့် ဖြစ်လာရရေ ဒုတိယကမ္ဘာစစ်ကို ဒုက္ခသည်အိုင်စတိုင်းက အဆုံးသတ်ပီးလိုက်တေ။

အဂုလေ့ ဂျပန်ဖက်ဆစ်ဘားက စစ်ပညာအမွီရလိုက်ပြီးကေ မဟာဗမာလူမျိုးကြီးဝါဒနန့် ကျိုင်းမြောင်းရေ ဗမာအမျိုးသားရေးဝါဒမှာ သန္ဓေတည်ပနာ မွီးဖွားပါလတ်တေ ဗမာစစ်တပ်နန့်နအဖစစ်အုပ်စု၏ လူစိတ်ပျောက်ပြီးကေ စစ်သွီးကြွနိန်စွာကို အဆုံးသတ်နိဂုံးချုပ်ဆုံးမပီးဖို့ အိုင်စတိုင်းပိုင် ဦးနှောက်ပါဝါသျှင်တိ လိုအပ်နိန်ရေ။ ဒုတိယကမ္ဘာစစ်မှာ ဂျာမန်နာဇီနန့် ဂျပန်ဖက်ဆစ်တိ တပ်ပျက်ပြီးကေ လက်နက်ချခရရေပိုင် ဗမာစစ်တပ်လေ့ ထိန်းမနိုင်သိမ်းမရ ပြိုကျလားခါမှရာ ဗမာစစ်အာဏာသျှင်စနစ် အမိုက်ဇာတ်သိမ်းလားနိုင်ဖို့။ ဗမာစစ်ဝါဒီတိ အမှားကြီးမှားနိန်ခကတ်တေဆိုစွာကို အကြီးအကျယ်နောင်တသံဝေဂတိရလာခါမှရာ မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်လာနိုင်ဖို့။

ဗမာစစ်အုပ်စုပိုင် တောပုန်းဒမြတိကို ဆုံးမနိုင်ဖို့ အရေးကြီးဆုံးလက်ကိုင်ထားသင့်စွာက ဦးနှောက်ထဲက မမြင်နိုင်ရေပါဝါလက်နက် ပင်ဖြစ်တေ။ ကိုယ့်ဦးနှောက်ထဲက မွီးရာပါအမွီကို အထင်မသေးဖို့ လိုအပ်ကေ အစွမ်းဟိဟိ ထုတ်သုံးတတ်ဖို့ အချိန်တိုင်းကြိုးစားသင့်ရေ။

နိုင်ငံရေးအရ ဖိနှိပ်မှု၊ လူမျိုးရေးအရခွဲခြားဆက်ဆံခံရမှု၊ စီးပွါးရေးအရလက်ဝါးကြီးအုပ်ဂုတ်သွီးစုပ်ချယ်လှယ်ထားမှု၊ ပညာရေးအရ အသိဉာဏ်တိမပွင့်အောင်ဖျက်ဆီးထားမှု၊ ဗမာမှုပြုရေးပေါ်လစီအရ ကျွန်စိတ်ပေါက်နိန်အောင် မှိုင်းတိုက်ထားမှု စရေ ဒုက္ခကုဋေကုဋာတိနန့်ဖိစီးမှုဒဏ်တိကို မခံနိုင်လို့ ကိုယ်ရို့ချစ်တေ ရက္ခမြီနန့်ရခိုင်ပြည်ကိုစွန့်

ခွာလာရပနာ နိုင်ငံရပ်ခြားတိုင်းပြည်တိမှာ ရောက်နိန်ကတ်တေ ရခိုင်မျိုးဆက်သစ်လူငယ်ချေတိ မမြင်နိုင်ရေ ဦးနှောက်ထဲက ပါဝါကို ကြည့်တတ်မြင်တတ်လာအောင် လုံ့လထုတ်သင့်ရေ။ကိုယ့်ဦးနှောက်ကို ကိုယ့်ရို့ ယုံကြည်ကိုးကွယ်အားထားကတ်ရပါဖို့။ ဦးနှောက်ပါဝါမြင့်မားလာခါမှရာ အမျိုးချစ်ခြင်းကို လက်တွိပြသလာနိုင်ပါဖို့။ ကိုယ့်လူမျိုးနန့် ကိုယ့်ရခိုင်ပြည် ဗမာကိုလိုနီစစ်ကျွန်ဘဝက လွတ်မြောက်အောင် စွမ်းဆောင်ပီးလာနိုင်ဖို့ စွာက မမြင်နိုင်ရေ ဦးနှောက်ထဲက ပါဝါတိရာ ဖြစ်ပါရေ။ ။ ။

====================

**ရခိုင်ရို့ စာပီနန့် မီဒီယာသစ်**

ဒေနိန့် ကာလရခိုင်ပြည်နန့် ရခိုင်တမျိုးသားလုံး ဗမာကိုလိုနီစစ်ပဒေသရာဇ်ကျွန်ဘဝကလွတ်မြောက်ဖို့ တိုက်ပွဲဝင်နိန်ကတ်တေအချိန်မှာ ရခိုင်လူထုတော်လှန်ရေးနန့် ရခိုင်ရို့ အမျိုးသားနိုင်ငံရေးလှုပ်ယှားမှုကို အရှိန်အဟုန် မြှင့်တင်လားနိုင်ဖို့ ကိုယ်ပိုင်စံ ကိုယ်ပိုင်ဟန်နန့် ကိုယ်ပိုင်ရိုးရာယိုင်ကျေးမှုစာပီကို ဖော်ဆောင်ဖို့ လိုအပ်ပါလတ်တေ။ ကိုယ်ပိုင်ဂုဏ်အင်္ဂါလက္ခာရပ်တိမဟိကေ ကိုယ်ပိုင်ပြဌါန်းခွင့်နန့် လူ့ အခွင့်အရေးတိလေ့ရလာဖို့ မဟုတ်လို့ ပြောချင်ရေ။

လက်ဟိပြည်ပရခိုင်နိုင်ငံရေးနယ်ပယ်ထဲမှာထုတ်ဝီနိန်ကတ်တေသတင်းစာနှစ်စောင်သုံးစောင်ဟိရေ။ ဒေသတင်းစာတိအားလုံးက ဗမာစာအရီးအသားနန့် ထုတ်ဝီနိန်ခြင်းပင် ဖြစ်တေ။ ဒေသတင်းစာတိကို ရခိုင်နာမေ တပ်ထားကတ်ကေလေ့ ဗမာစာနန့် ရီးသားပုံနှိပ်နိန်ကတ်ခြင်း၏အကျိုးရလဒ်က ဗမာစာပီတိုးတက်ဖွံ့ဖြိုးလာစီရေးကို ရခိုင်သားတိတဖက်တလမ်းက ကူညီပီးနိန်ရေပိုင်ဖြစ်နိန်ပြီးကေ ရခိုင်သားမှာစာမဟိလို့ ဗမာစစ်ဝါဒီတိအဆက်ဆက် ဝါဒဖြန့် ချီရေးလုပ်လာစွာကို လားပနာသက်သီလိုက်ထောက်ခံပီးနိန်ပိုင် ဖြစ်နိန်ရေ။ ရခိုင်သားက ရခိုင်ပိုင်ရီးဖို့ ကြိုးစားအားထုတ်ခြင်းမဟိလို့ ဗမာစစ်ပဒေသရာဇ်တိ စနစ်တကျပုံသွင်းတံဆိပ်ကပ်ပါလတ်တေ ဗမာနန့် ရခိုင် အတူတူရာ ဆိုစွာကို သဘောတူလက်ခံရေပိုင် ဖြစ်နိန်ရရေ။

ရခိုင်ရို့ မီဒီယာသစ်ကို အကောင်အထည်ဖော်လားနိုင်ဖို့ ရခိုင်နိုင်ငံရေးနန့် ရခိုင်ပြည်သူလူထုကို တသွီးတသားတည်းဖြစ်အောင်ဆက်စပ်ပီးလားနိုင်ဖို့ တခုတည်းရာဟိရေ ဆက်ဆံရေးပေါင်းကူးလမ်းမကြီးက ရခိုင်စာ နန့် ရခိုင်ရို့ စာပီ ပင်ဖြစ်တေ။ ယင်းအတွက်နန့် အနာဂတ်ကာလမှာ ရခိုင်သားရို့ ထုတ်ဝီလာကတ်ဖို့ ဂျာနယ်၊ သတင်းစာ၊ မဂ္ဂဇင်း၊စာအုပ်သစ်၊ ဘလော့ဂ်စာမျက်နှာဝပ်ဆိုဒ်တိကို ခေတ်သစ် ရခိုင်စာ အရီးအသားနန့် ထုတ်ဝီလားသင့်ရေလို့ အကြံပြုတင်ပြချင်ရေ။အေပိုင်ထုတ်ဝီခြင်းရေ "ရခိုင်စာပီသမိုင်းယိုင်ကျေးမှုတိ ကို ပြန်ပနာဖော်ထုတ်ရေး" ဆိုရေ ရခိုင်ရို့ နိုင်ငံရေးဦးတည်ချက်ပေါ်လစီနန့် လားကိုက်ညီပြီးကေ ရခိုင်အသိုင်းအဝိုင်းထဲမှာ ရခိုင်စာပီအရီးအသားတိ မြိုင်ဆိုင်ထွန်းကားလာဖို့ စွာကကျိန်းသီနိန်ရေ။

ပြည်ထဲမှာ ရခိုင်ပိုင်တေးခြင်းတိဆိုပနာ ရခိုင်ပိုင်ပြောရေဗီဒီယိုတိရိုက်ကူးပြသနိန်ကတ်ခြင်းရေ ရခိုင်လူထုက ရခိုင်စာပီကိုမြတ်နိုးတန်ဖိုးထားကြောင်းဖော်ပြနိန်ခြင်းပင် ဖြစ်တေ။ ဒေပိုင်အချိန်မှာ ရခိုင်နိုင်ငံရေးသမား ပါတီအဖွဲ့

အစည်းတိကလေ့ ရခိုင်စာပီရှင်သန်တိုးတက်လာရေးကို မူဝါဒချပနာ လက်တွိအကောင်အထည်ဖော်ဖို့ လိုအပ်ပါလတ်တေ။ ယေမှ ရခိုင်လူထု၏ဆန္ဒနန့် ရခိုင်နိုင်ငံရေးတော်လှန်ရေးသမားတိ၏မူဝါဒလမ်းစိုင်ဉ် တထပ်တည်းကျနိန်ကြောင်းကို မြင်တွိလာကတ်ရပါဖို့။ ရခိုင်နိုင်ငံရေးသမားတိပြောချင်ရေ အတွေးအခေါ်အမြင်အိုင်ဒီယာတိကို ရခိုင်ပိုင်ရီးပြနိုင်ခါမှရာ ရခိုင်လူထုက နလုံးသားနန့် နားလည်လက်ခံလာကတ်ဖို့ လို့ ယုံကြည်မိရေ။

အဂုခေတ်ရခိုင်မျိုးဆက်သစ်လူငယ်ချေတိက ရခိုင်ပိုင်ရီးခြင်းကို ဂုဏ်ယူနှစ်သက်ကတ်ကြောင်းကို အထင်အရှားတွိလာနိန် ကတ်ရရေ။ အဖွဲ့ဝင်ပေါင်း လေးထောင့်သုံးရာကျော်ဟိရေ ရခိုင်အိန်တာနတ်ကွန်ယက်တခုမှာဆိုကေ ရခိုင်ပိုင်ရာ ရီးသားပြောဆိုဆွေးနွေးနိန်ကတ်စွာကိုတွိရရေ။ ဗမာဖက်ဆစ်နယ်ချဲ့စစ်ဝါဒီတိ၏ဂုတ်သွီးစုပ်နှိပ်စက်ခံနိန်ရမှုတိအောက်မှာ ရခိုင်လူငယ်တိ၏အမျိုးသားဇာတိမာန်ကို ရခိုင်ဘာသာစကားစာပီကိုလက်ကိုင်ထားပနာ လမ်းကြောင်းအမျိုးမျိုးနန့် ဖော်ပြလာကတ်တေ။ ရခိုင်ပိုင်ရီးရေ ဘလော့ဂ်စာမျက်နှာတိက ရခိုင်မျိုးဆက်သစ်ချေတိ ဇာချင့်ကိုတောင်းဆိုနိန်ကတ်လေ ဆိုစွာကို ထောက်ပြနိန်ရေ။

ယင်းအတွက်နန့် ရခိုင်မျိုးဆက် သစ်တိကို နည်းဗျူဟာ မဟာဗျူဟာကျကျ စည်းရုံးနိုင်ဖို့ ဗမာတိနန့် မရောပဲရခိုင်အမျိုးသားအကျိုးစီးပွါးစည်းဝိုင်းထဲက သီးခြားနိုင်ငံရေးဟန် အသွင်သဏ္ဍာန်ဟိရေ မျိုးဆက်သစ်တရပ်ကိုပြုစုပျိုးထောင်ပီးနိုင်ဖို့ ရခိုင်ပိုင်ရီးခြင်း ရခိုင်စာပီမီဒီယာသစ်ကိုဖော်ဆောင်ခြင်းက အထိရောက်ဆုံးလမ်းကြောင်းကိုရွီးချယ်လားခြင်းပင်ဖြစ်တေလို့ ယူဆရေ။

ရခိုင်သားက ရခိုင်စာကို နိုင်ငံရေးနယ်ပယ်ထဲမှာ တရားဝင်ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုဖို့ ကြိုးစားခြင်းရေ ရခိုင်ရို့ နိုင်ငံရေးစာမျက်နှာသစ်ကို မော်ကွန်းတင်လိုက်ခြင်းပင် ဖြစ်တေလို့ ပြောနိုင်ပါဖို့။ ကိုယ့်ဘာသာစကားစာပီကို ကိုယ်ရို့ကတန်ဖိုးမထားကေ တယောက်ချေလေ့ လှည့်ကြည့်ပီးဖို့ မဟုတ်စွာက ကျိန်းသီနိန်ပါရေ။ ကိုလိုနီကျွန်ပြုခံထားရခြင်းက လွတ်လပ်လာကတ်တေ လူမျိုးတိုင်းပြည်တိ၏နိုင်ငံရေးသမိုင်းကြောင်းတိကို လေ့လာကြည့်လိုက်ကေဘာသာစကားစာပီလှုပ်ယှားမှုတိနန့် တော်လှန်ရေးစခကတ်စွာကိုတွိရရေ။ ပြောရဖို့ ဆိုကေ ဘာသာစကားစာပီစွာလူမျိုးတမျိုး ရပ်တည်ရှင်သန်နိုင်ဖို့ မောင်းနှင်လည်ပတ်ပီးနိန်ရေ အဓိကအသက်သွီးကြောပင်ဖြစ်ပါရေ။

နိဂုံးချုပ်ပြောရဖို့ ဆိုကေ ခေတ်သစ်ရခိုင်စာအရီးအသားနန့် ရခိုင်ရို့ မီဒီယာသစ်ကို တည်ဆောက်ခြင်းရေကိုယ့်ရခိုင်လူမျိုးအတွက်တန်ဖိုးမဖြတ်နိုင်ရေအကျိုးရလဒ်တိကို ယူဆောင်ပီးလာနိုင်ရေလို့ ယုံကြည်မိလိုက်ပါယင့်။ ။ ။

===================

**ဆင်ခြီကို ဆင်ခြီပီးခြင်း**

ရခိုင်သားက ရခိုင်စာကို မရီးခြင်းရေ ကိုယ့်ကိုမွီးထုတ်ပီးလိုက်တေ အမိအဖ သမိုင်းစိုင်ဆက်ထိန်းသိမ်းပါလတ်တေရခိုင်ရို့ ယိုင်ကျေးမှု (အင်္ဂလိပ်ပိုင် Civilization) ရိုးရာအမွီအနှစ် စာပီဂီတ လူ့အခြီခံအသိစိတ် ကိုယ်ကျင့်တရား လူ့ဘောင်နီတိ အစဟိရေ လူဖြစ်ခြင်း၏အဆီအနှစ်တိ အားလုံးကို လက်ခံဖို့ငြင်းဆန်လိုက်ခြင်းပင် ဖြစ်တေ။ တိရစ္ဆာန်တိစွာ အစာစားတတ်တေ၊ အိပ်တတ်တေ၊ ကာမမှီဝဲတတ်တေ။ ယေကေလေ့ ယင်းသူရို့မှာ စာ မဟိ။ ယင်းပိုင်ဗျာယ်

ကိုယ့်မှာဟိရေ ရခိုင်စာကို မရီးရေ ရခိုင်သားစွာ တိရစ္ဆာန်ဘဝကို ဖဲသာပီးစရာမလို အော်တိုရောက်လားကတ်ရဖို့ စွာက ကျိန်းသီနိန်ရေ။

ရခိုင်ရို့ သမိုင်းကို စာမျက်နှာတရွက်ချေလောက် လှန်ကြည့်လိုက်ဖို့ ဆိုကေ ရခိုင်သားတိမှာ စာဟိစွာ ထိုဖက်ကမ်းကိုတောင်ရောက်လားသိမ့်ရေ။ ဗမာတိ လူမဖြစ်ခင်ကပင် ရခိုင်သားတိ တိုင်းပြည်နိုင်ငံထူထောင်ပါလတ်စွာ နှစ်ပေါင်းထောင်ချီလားခဗျာယ်။ ဗမာတိလူလို့စဖြစ်တေ အချိန် အေဒီ 849 ပုဂံကို ထူထောင်ရေ ကာလမှာ ရခိုင်သားတိစွာ ပထမဓညဝတီ ဒုတိယဓညဝတီ စိုင်းခြားခေတ် ဝေသာလီ စရေ ခေတ်ကြီးလေးခေတ်ကို ထူထောင်ပနာ နိန်ပါလတ်ကတ်ဗျာယ်။ ဒေပိုင် သမိုင်းပုံရိပ်ကြီးခကတ်တေ ရခိုင်သားတိ ဒေနိန့်ကာလမှာ ကိုယ်ရို့အဖိုးအဖီးတိ ထားပစ်ခရေ ကိုယ်ရို့စာကို ရီးကတ်ဖို့ ဖင်ကချီးထွက်အောင် အော်ပြောနိန်ရစွာ နွားတိကို ဟဲဗီးမယ်လ်တေလ် တေးခြင်းလားဆိုပြ နိန်ပိုင် ဖြစ်နိန်ရရေ။

## ရခိုင်သားက ရခိုင်စာကို တန်ဖိုးမထား မရီးကတ်ခြင်း၏ ဆိုးကျိုးတိ

(၁) စာပီပျောက်ခြင်း (စာပီပျောက်ကေ လူမျိုးတုံးလားဖို့ စွာက ဗေဒင်မိန်းစရာ မလို။)

(၂) သမိုင်းယိုင်ကျေးမှု အစိုင်အလာ ဓလေ့ထုံးတမ်းစိုင်လာ မျိုးရိုးဗီဇ အတွေးအခေါ် အမြင် ယုံကြည်ချက် တိ အားလုံး ပျောက်လားခြင်း (အေချင့်တိအားလုံးကို စာနန့် ရာမှတ်တမ်းတင်လို့ ရရေ။)

(၃) ဗမာစာကို လားရီးနိန်ကတ်ခြင်းက ကိုယ့်သီတွင်းကို ကိုယ်လားတူးပိုင်ဖြစ်နိန်ပနာ ခွီးထက်အဆင့်နိမ့်ရေ ဗမာဘားမှာ ကျွန်ဖြစ်နိန်ရစွာကို ပျော်ပါရေ လို့ ဝန်ခံခြင်းနန့် လားတူနိန်ရေ။

## ရခိုင်စာမရီးချင်ရေ ရခိုင်သားရို့ ၏ဆင်ခြီ

(၁) အချေခါ ကျောင်းမှာ ဗမာပိုင်သင်လာရလို့ ရခိုင်ပိုင် မရီးတတ်လတ်။ (အဂုဒေစာကို ရီးနိန်ရေ မြောက်ဦးကဘီလူးလေ့ အချေခါ ကျောင်းမှာ ဗမာခွီးစာကို မသင်ချင်ပဲနန့် အားဓမ္မသင်လာရစွာပါရာ။)

(၂) ရန်ကုန်မှာ အနိန်များလို့ ရခိုင်စာမရီးတတ်ပါ။ (အဂုစာရီးနိန်ရေ မြောက်ဦးကဘီလူးလေ့ ရန်ကုန်မှာ အကောင်းဆုံး တက္ကသိုလ်တခုမှာ (၇) နှစ်လောက် ကျောင်းတက်ခရေ လူပါရာ။)

(၃) ဗမာအပါအဝင် ကျန်ရေ တိုင်းရင်းသားလူမျိုးတိပါ ဖတ်စီချင်လို့ ဗမာပိုင် ရီးရေလတ်။ အေပိုင် ရီးခြင်းကို အမြင်ကျယ်ရေလို့ ပြောကတ်သိမ့်ရေ။ (လက်တွိအခြေအနေမှာ ဗမာခွီးစာကို ကျန်ရေ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရှမ်း၊ ချင်းတိ တယောက်လေ့ မဖတ်ကတ်။ သူရို့မှာ သူရို့ကိုယ်ပိုင် ဘာသာစကားစာဟိရေ။ သူရို့စာကို သူရို့ ချစ်မြတ်နိုးကတ်တေ။ သူရို့ဝက်ဆိုဒ်တိကို သူရို့စာနန့် ရီးကတ်တေ။ မယုံကေ အောက်မှာလားကြည့်ကတ်ပါ။)

http://kachinnews.com/kachin/

http://www.monnews-imna.com/monindex.php

http://www.kwekalu.net/

http://www.mongloi.org/

http://www.kaowao.org/mon/

ဗမာဆိုရေ ခွီးတိကလေ့ သူရို့ဗမာတိရီးရေ ဗမာစာကိုရာ လားဖတ်တေ။ ရခိုင်တိ ဆီဆွတ်ချင်ရေစိတ်နန့် ရီးထားရေ ဗမာစာကို ဗမာတိစိတ်မဝင်စား။ လူမျိုးရေးမုန်းတီးခွဲခြားဆက်ဆံချင်ရေစိတ် အပါဆုံးလူမျိုးစွာ ဗမာဖြစ်တေ။ ရခိုင်သားတိ ခံစားနိန်ရရေ အကြောင်းအရာတိကို ဗမာကိုလားပြောနိန်လို့မရ။ ခွီးကို နိဗ္ဗာန်ရောက်ကြောင်းတရားလားဟောပြပိုင်ဖြစ်နိန်ဖို့။ နာဂစ်ဖြစ်တေခါ ဟိုင်းကြီးကျွန်းက ရခိုင်တိကို ဗမာတိလားပြီးကေ အကူအညီမပီးပါ။ ရခိုင်ဖြစ်နိန်လို့ လတ်။ ရောဝတီတိုင်းက ကရင်ရွာတိကိုလေ့ လားပြီးကေ အကူအညီမပီးကတ်။ ကရင်ဖြစ်နိန်လို့ပါလတ်။ ယင်းအတွက်နန့် ကိုယ့်ကိုယ်ကို အမြင်ကျယ်ရေလို့ထင်ပနာ ဗမာစာကို လားရီးနိန်ရေ ရခိုင်သားတိစွာ အမြင်ကျယ်စွာက မဟုတ် ဆီဆွတ်စွာများလားလို့ ဖင်ကျယ်နိန်ခြင်းရာ ဖြစ်တေ။ အဂေါင့်ဂေါင့် အမြင်ကျယ်ချင်ကေ ကမ္ဘာသုံးဘာသာစကား (၅) မျိုးထဲက တမျိုးမျိုးကို အလှပလတတ်အောင်သင်.. ယေပြီးကေ ရခိုင်ပြည်မှာ ဖြစ်ပျက်နိန်ရေ အကြောင်းအရာတိကို ယင်းဘာသာကြီးတိနန့် ရီးပါ။ ရခိုင်သားတိ ဗမာကျွန်ဘဝမှာ ငရဲကျနိန်စွာကို ကမ္ဘာ့ယိုင်ကျေးရေအသိုင်းအဝိုင်းတိသိအောင်လုပ်နိုင်ခြင်းကရာ သွီးစစ်တေ အမြင်ကျယ်ခြင်းလို့ လက်ခံရပါဖို့။

ရန်ကုန်မှာကျောင်းတက်တေ အချိန်ကဆိုကေ ဗမာတိက ဘီလူးကို ပြောရေ "ဗမာစကား မပီလတ်"။ ယေကေ ဘီလူးက ဗမာတိကို ပြန်ပြောရေ "ငါကား ဗမာက မဟုတ် ရခိုင်ရာ။ ဇာဖြစ်လို့ ဗမာစကားပီရဖို့စွာလဲ။ မင်းရို့ အပြန်အလှန်အသိဉာဏ်ဟိကေ ရခိုင်စကားပြောကြည့် ရဖို့ လား"။ အေပိုင်ပြန်ပြောလိုက်ခါကပင် တခါချေလေ့ ဗမာစကားမပီလို့ ပဇာ့မဟာဝ့ံကတ်ဗျာယ်။

ကိုယ့်စာကို ကိုယ်မလေးစားခြင်းရေ မိမိကိုယ်ကို အသိအမှတ်မပြုခြင်းနန့် အတူတူဗျာယ်။ ဒေစာကို ဆင်ခြီတိပီးပနာ ဗမာစာရီးနိန်ကတ်တေ ရခိုင်သားတိ ဖတ်ပြီးကေ ဆင်ခြင်နိုင်ကတ်ပါစီ။ ။ ။

====================

**ကောလာဟလထောင်ချောက်**

ငါရို့တိကြီးပြင်းလာကတ်တေ ပတ်ဝန်းကျင်က ကောလာဟလတိနန့်ပြည့်နိန်ရေ။ အရပ်လေးမျက်နှာ ဇာနိန်ရာကိုပင် ခြီလှမ်း လှမ်းပနာ လားကြည့်လိုက် ကောလာဟလစကားချေတစ်ခွန်းလောက်တော့ကေ ကြားလာကတ်ရဖို့စွာ ကျိန်းသီနိန်ရေ။ ဝေဖန်ဆန်းစစ်လက်ခံတတ်မှုနန့် ဆင်ခြင်တုံတရား အားနည်းနိန်ရေခါ ကောလာဟလ ထောင်ချောက်ကြီးထဲကို သိသိယင့်နန့် လူးကျလားတတ်တေ။

အရေးကြီးဆုံးက ကောလာဟလ၏ရင်းမြစ်က ဇာချင့်လဲ..။ ကောလာဟလ ဇာကလာလဲ။ ဇာသူရို့က ဒေ ကောလာဟလကို ဖန်တီးလဲ။ ဒေပိုင် မိန်းခွန်းတိ မိန်းပနာ ကောလာဟလကို ခွဲခြမ်းစိတ်ဖြာကြည့်နိုင်ကေ ကောလာဟလထောင်ချောက်မိခြင်းက လွတ်ကင်းနိုင်ဖို့စွာ သေချာရေ။

ဒေနိန်ရာမှာ ကောလာဟလတစ်ခုကို ဝေဖန်ဆန်းစစ်သုံးသပ်စိတ်ဖြာကြည့်လားကတ်ပါမေ။ ဥပမာ- ဗမာအောက်သားတိက ပြောကတ်တေ "ရခိုင်သားတိစွာ အမြင်မကျယ် သဘောထားသေးသိမ်ရေ" လတ်။ အသိပညာကိုယ်ခံအားနည်းနိန်ရေ ရခိုင်သားတစ်ယောက်က ဒေစကားကိုကြားကေ ပထမစိတ်ထဲမှာ ငါရို့လူမျိုးစွာ အမြင်မကျယ်သဘောထားသေးသိမ်ရေ လူမျိုးတစ်မျိုးလို့ သိမ်ငယ်စိတ်ဝင်လားပနာ အမှန်လို့ထင်လားနိုင်ရေ။ ဒေါသကြီးတတ်တေ

